မြစေတီကျောက်စာ–လေးဘာသာ

(ပျူ, မွန်, ပါဠိ, မြန်မာ)

မြန်မာယဉ်ကျေးမှုစာတွဲ

အမှတ်စဉ် (၁)

MYAZEDI INSCRIPTION IN FOUR LANGUAGES

(Pyu, Mon, Pali and Burmese)

နိုင်ငံတော်ပြတိုက် ယဉ်ကျေးမှုဗိမာန်၊ ရန်ကုန်မြို့
မှထုတ်ဝေသည်

အဘိုး—၂ ကျပ်]

FNA.L
....
385,425

385425

SOAS LIBRARY

မြစေတီကျောက်စာ–လေးဘာသာ

(ပျူ, မွန်, ပါဠိ, မြန်မာ)

မြန်မာယဉ်ကျေးမှုစာတွဲ

အမှတ်စဉ် (၁)

MYAZEDI INSCRIPTION IN FOUR LANGUAGES

(Pyu, Mon, Pali and Burmese)

နိုင်ငံတော်ပြတိုက် ယဉ်ကျေးမှုဗိမာန်၊ ရန်ကုန်မြို့မှ
ထုတ်ဝေသည်။

26/6/78

အောက်ပါ နိုင်ငံတော်အစိုးရခန့်နှင့် အစိုးရအသိအမှတ်ပြု အစိုးရထုတ် စာအုပ် စာတမ်းဖြန့်ချိရေးကိုယ်စားလှယ်များထံတွင်လည်းဝယ်ယူရရှိနိုင်ပါသည်။

အစိုးရခန့်စာအုပ်စာတမ်းဖြန့်ချိရေးကိုယ်စားလှယ်များစာရင်း

၁။ စီးတီးစာအုပ်ကလပ်၊ အမှတ် ၉၈၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။

၂။ မြန်မာ့အလင်းသတင်းစာပုံနှိပ်တိုက် လီမိတက်၊ အမှတ် ၅၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရန်ကုန်မြို့။

၃။ သုဓမ္မဝတီစာပုံနှိပ်တိုက်၊ အမှတ် ၅၅-၅၆၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၄။ ဘားမားနယူးအေဂျင်စီ၊ အမှတ် ၁၃၅၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။

၅။ ဘားမားစာအုပ်ကုမ္ပဏီ၊ အမှတ် ၆၂၊ ဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

၆။ ဘားမားအဲဂျူကေးရှင်နဲ(လ်) စာအုပ်ဆိုင်၊အမှတ် ၅၅၁-၃၊ကုန်သည်လမ်း၊ရန်ကုန်မြို့။

၇။ ပြည်ထောင်စု စာပေဖြန့်ချိရေးဌာန၊ အမှတ် ၉၄၊ စီရုံ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

၈။ ပြည်သူ့စာပေကော်မီတီနှင့် တိုက်၊ ၅၄၆၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

၉။ ရတနာပုံ ဦးလူကလေးစာအုပ်ဆိုင်၊ ၃၄ လမ်း၊ ညောင်ဇင်တန်းရပ်၊ မန္တလေးမြို့။

၁၀။ အမျိုးသားစာအုပ်ဆိုင်၊ မြောက်ဘက်တိုက်တန်း၊ ဈေးချို၊ မန္တလေးမြို့။

၁၁။ ကော၊ ဘင်ဟွန်းနှင့် သားများ၊ ညောင်းလေးပင်မြို့၊ ပဲခူးခရိုင်။

၁၂။ ဘာသာပြန်စာပေအသင်း၊ ၅၂၀၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

၁၃။ ပညာအလင်းပြ စာပုံနှိပ်နှင့် စာအုပ်တိုက်၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

၁၄။ အင်းဝတိုက်၊ စာအုပ်နှင့် စာရေးကိရိယာ ရောင်းဝယ်ရေးဌာန၊ ၂၃၂၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

၁၅။ အက်(စ်)ကေဒေး၊ စာအုပ်စာတမ်းနှင့် သတင်းဖြန့်ချိရေး ကိုယ်စားလှယ်၊ စထရင်းဟော်တယ်အတွင်း၊ ၉၂၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။

(ပြင်ပနိုင်ငံများ)

၁၆။ Messrs. Higginbothams Ltd., Post Box No. 311, Madras **(India).**

၁၇။ Messrs. Thacker Spink & Co. (1933) Ltd., Post Box No. 45—3, Esplanade, East Calcutta (West Bengal).

MYAZEDI INSCRIPTION IN FOUR LANGUAGES

(Pyu, Mon, Pali and Burmese)

BURMA CULTURAL SERIES NO. I

PUBLISHED BY
THE NATIONAL MUSEUM, CULTURAL INSTITUTE, JUBILEE HALL
RANGOON

နိဒါန်း

မြစေတီခေါ် ဂူပြောက်ကြီး ပျူကျောက်စာ

ခရစ်နှစ် ၁၈၈၆-၈၇ ခု (မြန်မာ့ဂေါစာနှစ် ၁၂၄၈ ခုနှစ်)တွင် ရန်ကုန်အစိုးရ ကောလိတ် ပါဠိစာပေပါမောက္ခနှင့် အစိုးရကျောက်စာဝန်အဖြစ်တွဲဖက်ရွက်ဆောင်သော ဂျာမန်ပညာရှိ ဒေါက်တာဖိုသျှမ်းမား သည် ပုဂံမြို့တောင်ဖက် မြင်းကပါရွာအနီး မြစေတီခြေရင်း၌ ကပ်လျက်နေသောကျောက်စာတိုင်ကို စတင်တွေ့ရှိကြောင်းသိရ၏။ ပုဂံပြတိုက်၌ ယင်းကျောက်စာရှိချေသည်။

ဒုတိယမိတ္တူဖြစ်သော မြစေတီလေးထောင့် ကျောက်စာတိုင်ကိုမူကား ဂူပြောက်ကြီးလိုဏ်ဂူအတွင်းမှာ အပိုင်း ၃ ပိုင်းကျိုးပြတ်လျက်နေပြီးလျှင် ပထမအကြိမ်၌ အောက်နှစ်ပိုင်းကိုသာတွေ့ရကြောင်းကိုလည်း သိရပါ၏။ ထိုနောက်တဖန် ခရစ်နှစ် ၁၉၀၄ ခု (မြန်မာ့ဂေါစာနှစ် ၁၂၆၆ ခု) တွင် ပြိုပျက်နေသော မြစေတီမဟာရံတန်တိုင်းကို ပြင်ဆင်သောအခါ ဒုတိယအကြိမ်၌ ကျန်နေသည့်ကျောက်စာထိပ်ပိုင်းကို ထိုတန်တိုင်းပျက်အတွင်းမှ ရသဖြင့် ဒုတိယမိတ္တူကျောက်စာတိုင်မှာ စုံလင်သွား၏။ ယင်းကျောက်စာတိုင်၏ အောက်ခြေငုတ်တိုကိုမူ မြစေတီ၏အရှေ့ဖက်ခြေရင်း၌ ကပ်လျက်နေသော ပိဋကတ်တိုက်ဟုယူရသည့် အဆောက်အအုံဟောင်းထဲတွင် ထောင်လျက်တွေ့ရလေ၏။

ကျောက်စာတိုင်တတိုင်တွင် လေးမျက်နှာရှိရာ တမျက်နှာလျှင်ဘာသာစကားတမျိုးစီရှိလျက် ပါဠိ၊ မြန်မာ၊ မွန် နှင့် ပျူစာလေးမျိုးရေးထိုးထား၏။ ပထမကျောက်စာတိုင်ကို (က) ဟုအမှတ်သင်္ကေတပြု၍ ဒုတိယမိတ္တူကျိုးပဲ့နေ၍ ဆက်ထားသည့် ကျောက်စာတိုင်ကို (ခ) ဟုဒေါက်တာစီ၊ အို၊ ဗလက်ဒင် ကအသိအမှတ်ပြုထားလေသည်။ (က)ဟုခေါ်သော ပထမကျောက်စာတိုင်ကို ပုဂံမြို့ ကျောက်စာပြတိုက်သို့ ရွှေ့ပြောင်းထား၏။ (ခ)ခေါ် ဒုတိယကျောက်စာတိုင်ကိုမူ ယခုအခါ မြင်းကပါ မြစေတီရင်ပြင်ပေါ်တွင် စိုက်ထူထား၏။ (ခ) ကျောက်စာတိုင်သည် (က) ကျောက်စာတိုင်၏ မိတ္တူပင်ဖြစ်သည်မှာ ထင်ရှား၏။

ယင်းကျောက်စာတိုင်နှစ်တိုင်ရှိသည့်အနက် ပုဂံပြတိုက်တွင်ရှိသော (က) ကျောက်စာတိုင်သည် လေးထောင့်မတ်ရပ်ကျောက်စာတိုင်ဖြစ်၍ လေးဖက်စာမျက်နှာပြင်အကျယ်ချင်းညီ၏။ အမြင့် ၅ ပေ ၁၁ လက်မ၊ စာမျက်နှာအမြင့် ၃ ပေ ၆ လက်မ၊ အကျယ် ၁ ပေ ၂ လက်မခန့်ရှိ၏။

ပါဠိစာမျက်နှာ၌ စာကြောင်းရေ ၄၁၊ မြန်မာစာမျက်နှာတွင် စာကြောင်းရေ ၃၉၊ မွန်စာမျက်နှာတွင် စာကြောင်းရေ ၃၃ နှင့် ပျူစာမျက်နှာ၌ စာကြောင်းရေ ၂၆၊ အသီးသီးအသကအသကပါဝင်ရေးထိုးထား၏။

မြစေတီရင်ပြင်ပေါ်၌ရှိသော (ခ) ကျောက်စာတိုင်မှာမူကား မတ်ရပ်လေးထောင့် ကျောက်တိုင်ဖြစ်ငြားသော်လည်း ကျောက်စာမျက်နှာပြင်နှစ်ဖက်သည် ပိုမိုကျယ်ပြန့်လျက် ကျန်နှစ်ဖက်မှာကျဉ်းလေသည်။ အကျယ်ဖက် ၂ ဖက်တွင် ၁ ပေ ၈ လက်မခန့်ရှိ၍ အကျဉ်းဖက်၌ ၁၀ လက်မခွဲမှ ၁၂ လက်မအထိသာရှိချေသည်။ အကျယ်မျက်နှာပြင်ဖက်၌ စာမျက်နှာပြင် ၄ ပေ ၄ လက်မခန့်ရှိ၍ ၁ ပေ ၇ ½ လက်မကျယ်ပြန့်လေသည်။ အကျယ်ဖက်တွင် ပါဠိနှင့် မြန်မာစာများကို ရေးထိုး၍ အကျဉ်းဖက်တွင် မွန်နှင့် ပျူစာများကိုရေးထိုးထား၏။ ပါဠိစာမျက်နှာ၌ စာကြောင်းရေ ၄၀၊ မြန်မာစာမျက်နှာတွင် စာကြောင်းရေ ၃၄၊ မွန်စာမျက်နှာတွင် စာကြောင်းရေ ၄၆ နှင့် ပျူစာမျက်နှာ၌ စာကြောင်းရေ ၂၉၊ အသီးသီးအသကအသက ရေးထိုးထားကြ၏။

မြစေတီ ပျူ (က) နှင့် (ခ) မျက်နှာများ၌ စာလုံးပေါင်းမှုကွဲများ အနည်းငယ်တွေ့ရ၏။ (ခ) မျက်နှာသည် သုံးပိုင်းကျိုး၍နေသည်ကို ဆက်ထားရသော်လည်း (က) မျက်နှာနှင့် တိုက်စစ်ကြည့်ရသည့်အခါ၌ များစွာအကျိုးယှိသည်ကိုတွေ့ရ၏။ ယှဉ်တွဲဖတ်ကြည့်ရသဖြင့်လည်း စာလုံးပေါင်းများအတွက် ပိုမိုစိတ်ချရ၏။

ကျန်စစ်သားမင်းကြီး ကွယ်လွန်တော်မူပြီးနောက်တနှစ်ဖြစ်သော သကရာဇ် ၄၇၅ ခုနှစ်၌ ထိုမင်းကြီး၏သားတော်ဖြစ်သော ရာဇကုမာရ်သည် ဤကျောက်စာကို ရေးထိုးသည်ဟု ပညာရှင်များယူဆကြ၏။ ကျန်စစ်သားသည် ဖခမည်းတော်အနော်ရထာမင်းကြီး အမျက်ရှသောကြောင့် ကြောင်ဖြူအရပ်တွင် ပုန်းရှောင်နေစဉ်အခါ၌ မထီး၏တူမတော် သမ္ဘူလနှင့်တွေ့၍ မယားအဖြစ် ချစ်မြတ်နိုးစွာ ထိမ်းမြားယူလေ၏။ အနော်ရထာမင်းကြီး ကွယ်လွန်တော်မူပြီး၍ စောလူးမင်း နန်းတက်သောအခါ ကျန်စစ်သားသည် ရာဇကုမာရ်ကို ပဋိသန္ဓေယှိနေသော သမ္ဘူလအား သားယောကျ်ားမွေးသော် လက်ဝတ်တော်ကိုယူခဲ့၍ ပုဂံပြည်သို့သားနှင့်တကွ လာခဲ့ဟုမှာခဲ့၍ စောလူးမင်းထံ ခစားလျက်နေသည်။ စောလူးမင်းကြီး ကွယ်လွန်တော်မူပြီးသောအခါ သကရာဇ် ၄၄၆ ခုတွင် ဗြိတြိဘုဝနာဒိတျဓမ္မရာဇ်ဘွဲ့ခံယူလျက် ကျန်စစ်သားသည် နန်းတက်တော်မူလေသည်။ နှစ်နှစ်ခန့်ကြာလတ်သောအခါ သမ္ဘူလသည်နန်းတော်သို့ခုနစ်နှစ်ရွယ်ရှိသောသားတော်ရာဇကုမာရ်နှင့်ရောက်လာ၏။ သမ္ဘူလနှင့် သားတော်ကိုမြင်လျှင် "ဤမိန်းမကျေးဇူးကား ငါနိုက်ကြီးစွ" ဟူ၍ မူးတော် မတ်တော်တို့အလယ်တွင်မိန့်တော်မူပြီးလျှင် သားတော်ကိုခေါ်၍ ရင်ခွင်နိုက်ထားတော်မူ၍ ဤသို့မိန့်တော်မူ၏။ "သားကားအရင်း မြေးကားအဖျားဟူ၍ လူတို့ဝယ်ဆိုစကုန်သည်။ ယခုငါ့မြေးတော်ကို ဘိက်သိက်သွန်း၍ မင်းမြှောက်ခဲ့ပြီဖြစ်၍ မြေးကားအရင်း သားကအဖျားဖြစ်ပြီ" ဟူ၍ မိန့်တော်မူ၏။ ယင်းသို့မထီးတူမ သမ္ဘူလကိုလည်း ဦးဆောက်ပန်းဟူသောအမည်နှင့် မိဖုရားမြှောက်တော်မူသည်။ သားတော်ကိုလည်း "ဇေယခေတ္တရာ" ဟူသော ဘွဲ့နှင့် ဒညဝတီနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ပေးတော်မူ၍ မင်းပြုရ၏။

ရာဇကုမာရ်ခေါ် ဇေယခေတ္တရာမင်းသားသည် ထီးနန်းစည်းစိမ်ကို မဆက်မခံရသော်လည်း၊ အမိအဖ၏ဂုဏ်ကျေးဇူးကိုမည်မျှသိတတ်ရိုသေကိုင်းရှိုင်းတတ်သော သားကောင်းရတနာဖြစ်ကြောင်းကို ဤမြစေတီကျောက်စာကို ဖတ်ရှုခြင်းအားဖြင့် သိသာနိုင်ပေသည်။

မြစေတီခေါ် ဂူပြောက်ကြီးကျောက်စာကို (က) ပျူ၊ (ခ) မွန်၊ (ဂ) ပါဠိနှင့် (ဃ) မြန်မာ လေးဘာသာကို ဆည်းပူးလေ့လာလိုသူများအကျိုးငှါ အင်္ဂလိပ်-မြန်မာဘာသာပြန်များနှင့် တကွ ယဉ်ကျေးမှု ဇိမာန်ပြတိုက်ဌာနခွဲ့ကတစုတပေါင်းတည်းပုံနှိပ်၍ စာအုပ်တအုပ်အဖြစ်ထုတ်ဝေပါသည်။ ဤကျောက်စာများကို ပြုစုတည်းဖြတ်ပေးသော ယဉ်ကျေးမှုဇိမာန် ညွှန်ကြားရေးဝန် သီရိပျံချီ ဦးသာမြတ်၊ M. A. (Ran.), B.Ag. (Bom.) အား၊ များစွာကျေးဇူး ဥပကာရ တင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

မညွန့်ဟန်၊
ဘီ၊အေ။ အေ၊အမ်၊အေ၊ (လန်ဒန်)၊
ပြတိုက်မှူး။



မြစေတီပျူကျောက်စာ (က) မျက်နှာကို မိုင်းကိုင်စက္ကူပေါ်၌ မင်နှိပ်စာအတိုင်း ဓါတ်ပုံ ရိုက်ထားသောပုံ။



မြစေတီ ပျူကျောက်စာ (က) မျက်နှာအကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁ မှ ၁၃ အထိ။



မြစေတီပျူကျောက်စာ (က) မျက်နှာကို မြန်မာအက္ခရာနှင့် လှယ်ထားပုံ၊ ကြောင်းရေ ၁ ၂ ၁၃ အထိ။



မြစေတီပျူကျောက်စာ (က) မျက်နှာအကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁၄ မှ ၂၆ အထိ။


၁၄ ပဍုံဗိးရုဟာပြုဆောဟာပြုဆောဗိးသိ။ပေါ်ဥဍွေါးတြာ:ဗံ:
၁၅ မဟာဍွေ။တြာ:ဗံ:ရှုဂုဍူဗူဒဒိသဍွေ။တြာ:ဗံ:နွှဲမစဗဒိ
၁၆ တြာ:ဗံ:ပြွဟွဗ။တြာ:ဗံ:ပြွဒေ့ယော။တြာ:ဗံ:သျူ။တြာ:ဗံ:
၁၇ သဂုသိဂုရဗဒိ။ပေါ်တြာ:ဗံ:သာဃဗွော်ဥဗဍ္ရဒိဗျုတ္ထုး
၁၈ တုဗံ:ဗိ:ဆဗော:တ္တူ။ပေါ်ဗိးတဒုံမယ:ဥသ:ရဇ
၁၉ ဂုမဗိ:သိဥမိဃ။ဗိ:သ္တာဗနု[ဗျ]ခထဗိ:သေဗဂုဥဍ္ဍောထဗိ[း]
၂၀ တဒုံ။ပေါ်ဂေါ်ဥဗ္ဘောဗိ:သံ:ရော။သမနဍွေါ်ရောတံ၊ရဗဲရောတံ။[ဟိ]
၂၁ ရုံ:ရောတံ။ယံ[တြာ:ရောဟော:ဒိဗိ:ဒိဒုံ။ယံဗံ:မယ:[ဥသ:]
၂၂ ရဇဂုမယံဂေါ်ဗျုခဥဝံဃ္ဍုဗိ:ဆဲတဒုံ:ယံနဗိ:ဒိဆော[ယံ]
၂၃ မဂ်:ပြုဗျုးသဝေဉောဒေဉောပြဗဉောဗိ:ဗိ:ပံ:ဆေနံ:တိပုံ:ပ။
၂၄ ယံတြာ:တိဗ္ဗုကံ:ဒျူဂိသ:ဍွေဂိပ္ပိဍွေဂိသြူ:ဍွေမြဗဟ္ဍွေယံ
၂၅ [ဗူခ]ဥဝံဂံ:ဟ္ပိုး:တော:မဒိ၊ဂဟ္သိဆိဂပြော်ပ္မမတ:ရှု:ဗျူ။
၂၆ ယံဗံ:ဗျုခအာရိမေဒေယာဒုံဗ:ဒိဆိ:တိတ္မမပံ:ဆေဆော။

ပျူကိုမြန်မာအက္ခရာနှင့်ဖလှယ်ပုံ အဆက်။ ။ကြောင်းရေ ၁၄ မှ ၂၆ အထိ။

မှတ်ချက်။ ။ကြောင်းရေ ၁၉ ယို လက်သည်းကွင်းနှင့်ပြသော (ဂူ) စာလုံးကို (ခ) မျက်နှာနှင့် တိုက်ကြည့်ပြီး (ဗူ) ဟုပြင်ရေးထား၏။

ပုဂံမြစေတီ ပျူကျောက်စာ

မြန်မာဘာသာပြန်ဆိုချက်

စီးပွါးချမ်းသာ မင်္ဂလာ။ ။ဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီး (နိဗ္ဗာန်သို့ကောင်းစွာ ကြွရောက်တော်မူပြီး)၍၊ အနှစ် တစ်ထောင်ခြောက်ရာ နှစ်ဆယ့်ရှစ်နှစ်လွန်လေပြီးရကား၊ ယင်းတိုင်းပြည် အရိမဒ္ဒနပုရ်အမည်ဖြစ်သည်။ ဩိတြိဘုဝနဒိတျဓမ္မရာဇ်(မင်း)အမည်ဖြစ်သည်။ မင်းကြီး၏မိဖုရား မယားကား၊ တြိလောကဝဋံသကာဒေဝီဖြစ်သည်အမည်။ ထို၏သား ရာဇကုမာရ်ဖြစ်သည်အမည်။ သူ့အား (မယားအား) ကျွန်းသုံးရွာ ပေးတုံ၏။ ထိုဗယ်မယားသေခဲ့ရကား၊ မယား၏တန်ဆာနှင့် ကျွန်းသုံးရွာကို၊ ရာဇကုမာရ်မည်သော ဗယ်မယား၏သားအား (မင်း) ပေးတုံ၏။ ထိုအဗယ်မင်းကြီး အနှစ်နှစ်ဆယ့်ရှစ်နှင့် စည်းစိမ်ခံစား (အုပ်စိုး) ပြီး ၁ *ရကား၊ နာမကျန်း၍ သေ၏မည်တော့လုအခါတည်း။ ထိုဗယ်မဟား၏သား၊ ရာဇကုမာရ်ဖြစ်သည်အမည်။ မိမိကိုမွေးကျွေးသော ထိုမင်းကြီး၏ ကျေးဇူးကို အောက်မေ့ရကား၊ ထိုအဗယ်ဘုရား၏ အဆင်းပုံ၊ ရွှေဆင်းတုထု (ပြု)လုပ်စေကာ၊ ထိုအဗယ်ဘုရားကို (မင်းကြီး) ထံမှောက်အပ်နှံပြီးသောအခါ ယင်းနည်းမိန့်တုံ၏။ ယင်းအဗယ်ရွှေဘုရားကိုရစားစေ၍ အဗယ်သခင်အားပေးစေသော။ ယင်းကျွန်းသုံးရွာကို သခင်အားပေးကပြီ။ ယင်းအဗယ်ရွှေဘုရားအားပေးစေ။ ထိုအခါ အဗယ်မင်းကြီးရယ်ပြုံးလျက် ကောင်းပြုသော ကောင်းပြုသော ဖြစ်သည် (ဟုသာဓုခေါ်၏)။ ထိုအခါ အဗယ်တပည့်သား မဟာထေရ်၊ အဗယ်တပည့်သား မင်္ဂလိပုတ္တတိဿထေရ်၊အဗယ်တပည့်သား သုမေပေဏ္ဍိတ်၊ အဗယ်တပည့်သား ဗြဟ္မပါလ၊ အဗယ်တပည့်သား၊ ဗြဟ္မဒိဝ်၊ အဗယ်တပည့်သား သောန၊ အဗယ်တပည့်သား သံဃသေနဝရပဏ္ဍိတ်၊ ထိုအဗယ်တပည့်သား သင်္ဃာတို့၏ အမှောက်တွင် အဗယ်မင်းကြီးရေစက်ချတုံ၏။ ထိုပြီးရကား၊ ရာဇကုမာရ်မည်သော (အဗယ်) မယား၏ သားသည် ရွှေဘုရားထာပနာစေ၍ ဂူ၏ရွှေအထွတ်ပြုပြီးရကား၊ ထိုဂူ (ဘုရား)၏ လှူသောအခါ နှိုက်လည်း၊ သက်မုနလွန့်ရွာတစ်၊ ရဗဲ့ရွာတစ်၊ ဟိံဗိုရွာတစ်၊ ယင်းကျွန်းသုံးရွာယူ၍ ၏။ ယင်းဗယ်မယား၏ သား ရာဇကုမာရ်သည် ယင်းအဗယ်ဂူဘုရားအား ရေစက်ချပြီးရကား၊ ယင်းနည်းမိန့်ဆို၏။ ယင်းငါပြုမှု (ကား) သဗ္ဗညုတဉာဏ် ပညာမိမိကိုပေးစေနည်းအတိုင်း ကူညီမိုင်းမ-ပါ။ ယင်းကျွန်းတိုင်းကို ဘေးဥပဒ်ပြုတုံအံ့၊ ငါ့သားလည်း၊ ငမြေးလည်း၊ ငဆွေမျိုးလည်း၊ သူစိမ်းလည်း၊ ယင်းဘုရားအား ငါလှူတုံခဲ့သော၌ ညှဥ်းဆဲမှုကား ဖြိုဖျက် (သည်ကို) မတားလျက်မူကား၊ ယင်းအဗယ်ဗုဒ္ဓအရိမေတ္တယျထံပါး ဖူးမြင်ခြင်း တမူမပေးစေသော်။

၁ *စည်းစိမ်ခံစားပြီးဟု တိုက်ရိုက်အနက်ရသည်ဟု ယူဆပါသည်။

THE MYAZEDI INSCRIPTION

Translation of the Pyu Face

Prosperity! One thousand six hundred and twenty-eight years after Lord Buddha had attained *Nibbana,* this city was named Arimaddanapur. The King was named Sri Tribhuvanaditya Dhammaraja. The King's queen consort was called Trilokavatamsakadevi. Her son was named Rajakumer. The King gave her three villages of slaves. When the Queen had died the King gave the Queen's goods and the three villages of slaves, to the noble Queen's son, Rajakumar. After the noble King had enjoyed royal splendour for twenty-eight years, he was sick nigh unto death. That noble Queen's son was called Rajakumar. The Queen's son being mindful of the King's beneficence in bringing him up, caused a golden statue to be made in the likeness of the noble Buddha and, giving the golden Buddha, to the King, said thus: " On behalf on my lord (father) I consecrate this golden Buddha. I now give the three villages of slaves to my lord. May my lord give them to the noble golden Buddha." Thereupon the King smiled and said, " Well done ! Well done ! " Then, in the presence of the noble disciples Maha-thera, Moggliputatissa-thera, Sumedha the Learned, Brahma-pala, Brahmadiv, Sona, Sanghasena the very Learned, the noble King poured water (onto the ground in dedication). Thereafter, Rajakumar the Queen's son, had the golden Buddha enshrined in a cave for which a golden spire was made. In consecrating the cave-pagoda, the villagers from the three villages namely Sakmunalun, one village ; Rabai, one village ; Hinbo, one village, were assembled and assigned to the pagoda. The Queen's son Rajakumar, in pouring the (libation) water said thus : " May this my deed, help me to attain Ommiscience and wisdom (like Buddha). If any harm be done to any of these slaves, or to anything that I now dedicate to this pagoda, or if any violence done against them be not deterred, be it, my own son, be it my grandson, be it my own kinsman be it any stranger, let him never see the noble Arimettaya Buddha."



မြစေတီ ပျူကျောက်စာ (ခ) မျက်နှာကို မှိုင်းကိုင် စက္ကူပေါ်၌ မင်နှိပ်စာအတိုင်း ဓါတ်ပုံ ရိုက်ထားသောပုံ။



မြစေတီပျူကျောက်စာ (ခ) မျက်နှာအကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁ မှ ၁၃ အထိ။



မြစေတီ ပျူကျောက်စာ (ခ) မျက်နှာ အကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁၄ မှ ၂၉ အထိ။



မြစေတီ ပျူကျောက်စာ (ခ) မျက်နှာကို မြန်မာအက္ခရာများနှင့် ဖလှယ်၍ လက်ရေးနှင့် တကြောင်းစီယှဉ်တွဲပြထားသည်။ ကြောင်းရေ ၁ မှ ၈ အထိ။

မှတ်ချက်။ ။ဒုတိယလက်သည်းကွင်းပိတ်အတွင်းယှိစကားနှစ်လုံးကို ကြောင်းရေ ၇ ၌ ဖေါဖ်းဟုယူဆပါသည်။



ပျူကို မြန်မာအက္ခရာနှင့်ဖလှယ်ပုံ အဆက်။ ။ကြောင်းရေ ၉ မှ ၁၅ အထိ။



၁၆ သောမေဗေဒ္ဒိုးတြာ:ဖုံးဖြဲ့ဟမ္ဗ၊ တြာ:ဖုံးဖြဲ့ဟမ္ဗဒေဃာ:၊ တြာ:ဖုံး

၁၇ သျှ၊ တြာ:ဖုံးသဂ္ဂ သိ ၀ှ ရဗဒ္ဒိုး၊ ပေါ်တြာ:ဖုံးသ ယတွော့ဥဟ္ဗ

၁၈ ဒ္ဒိုးဒ္ဒုူတ္ထွားတုဖုံးဗိုးဆတေား:တ္တွ။ ပေါ်ဗိုး တဒ့ံမယ:ဥသ:

၁၉ ရဇ္ဇုဂုမ ဗိုး သိဥမိ ဓ ။ ဗိုး သ္တုဗနှုဗူ့ဓထဗိုး သေဂ္ဂေါ်

၂၀ ဥသ္တွာထဗိုးတဒ့ံ ပေါ်ဂျာ်ဥ ဟော့ဗိုးသံးရော:၊ သမန

၂၀ ဌေဉ်ရောတံ။ ရဗဲရောတံဟိဗုး ရောတံ၊ ယံတြာ:ရောဟော:ဒ္ဒိုဗိုး

၂၂ ဒ္ဒိုဒ္ဒံ။ ယံ ဖံ:မ ယ: ဥ သ: ရဇ္ဇုဂုမ ယံဂေါ်ဖံ:ဗူ့ဓ

ပျူကိုမြန်မာအက္ခရာနှင့်ဖလှယ်ပုံ အဆက်။ ။ကြောင်းရေ ၁၆ မှ ၂၂ အထိ။

မှတ်ချက်။ ။ဇိ ဗူးဟုကြောင်းရေ ၂၁ တွင် မှား၍ ရေထိုးဟန်တူ၏။ ဟိ ဗူးဟုသာ ယူဆပါသည်။



ပျူကိုမြန်မာအက္ခရာနှင့်ဖလှယ်ပုံအဆက်။ ။ကြောင်းရေ ၂၃ မှ ၂၉ အထိ။

မှတ်ချက်။ ။ကြောင်းရေ ၂၄ နောက်ဆုံးစာလုံး "ယံ" ကို ကြောင်းရေ ၂၅ ၏ရှေ့ဆုံးကထား၍ဖတ်ပါ။ ပထမရသော ကျောက်စာ မိတ္တူ၌ ဤ "ယံ" ဟူသော စာလုံးမထင်ရှားချေ။



မြစေတီ မွန် ကျောက်စာ (က) မျက်နှာကို မိုင်းကိုင်စက္ကူ ပေါ်၌ မင်နှိပ်စာအတိုင်း ဓါတ်ပုံ ရိုက်ထားသောပုံ။



မြစေတီ မွန်ကျောက်စာ (က) မျက်နှာအကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁ မှ ၁၇ အထိ။



၁ ၊ဂြိုန္ရမောပုဒ္ဓါယ၊ဂြိုသာသ်ကျေက်ပုဒ္ဓတိလေဲယ်
၂ ကုလ်အာရ်မောယ်လိုမ်တုရောစ်ဂွံစာရ်ဗွသ်ဒိဉ္စာမ်စ္နာမ်
၃ တုယ်၊ဍေ္ဂယ်ရှုင်အဂ္ဂိမဒ္ဒနုပုရ်ဝေါအ်သ္နိုင်ဂြိုဖြို့ဘုဝနာဒိ
၄ တျမ္ဓရာဇ်ဒသ်၊ဂ္ဓကျေက်သ္နိုင် ဂေါဟ် မောယ်ဗြို့ဇ
၅ လောကဝင့်သကာဒေဝိကွာမောအ်၊တောန်ဂ္ဓကျေက်ဂေါ[း]
၆ ဟ်ရာဇကုမာရ်ကွာမောအ်၊သ္နိုင်ဂေါဟ်ကိလ်ဒိုက်ပိ [တ္ဂာ]
၇ ည်ကုဂ္ဓကျေက်ဂေါဟ်၊တာလ်ဂ္ဓကျေက်ဂေါဟ်စုတိ
၈ အာရ်၊အုတ်ကိယာဂ္ဓကျေက်ဂေါဟ်ကုဒိုက်ပိတ္ဂာည်ဂေါ
၉ သ္နိုင်တုန်ကိလ်တုတောန်ဂ္ဓကျေက်မကွာမောအ်ရာဇကု
၁၀ မာရ်ဂေါ၊သ္နိုင်ဂေါဟ်ကွိန်စာရ်ဗွသ်ဒိဉ္စာမ်စ္နာမ်တုယ်
၁၁ ကာလ်သ္နိုင်ဂေါဍေ္ဂယ်ညုန်သ္ဍုတိ၊တောန်ဂ္ဓကျေက်မကွာ
၁၂ မောအ်ရာဇကုမာရ်ဂေါမိရ်နုသ်ဂုဏ်မသ္နိုင်ကွာဉ္စိမ်
၁၃ ဗိကိုကိန္ဒံကျေက်ထရ်မောယ်အာရ်တုဓောက်သ္နိုင်မု
၁၄ နုသ်ရောစ်ဝေါအ်၊ကျေက်ထရ်ဝေါအ်ယေ်ဒိုက်ပရံ[ဓ]
၁၅ ပါအ်တိလ်ဒိုက်ပိတ္ဂာည်မတိလ်ကိလ်ကုဇယ်ဂေါဟ်
၁၆ ဇယ်ဒိုက်ကိလ်ကုကျေက်ဝေါအ်တိလ်အနုမောဒနာဒအ်
၁၇ ၊ကာလ်ဂေါ သ္နိုင်သ္ဒိုက်ဂပ္ပုမသ်ထိစ်အာထိစ်အာသ္နိုင်ပ

မြစေတီ မွန်ကျောက်စာ (က) မျက်နှာ မြန်မာအက္ခရာနှင့်ဖလှယ်ထားပုံ၊ ကြောင်းရေ ၁ မှ ၁၇ အထိ။



မြစေတီမွန်ကျောက်စာ (က) မျက်နှာအကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁၈ မှ ၃၃ အထိ။



၁၈ သာရကာ၍။ကာလ်ဝေါးဟ် တိလ်ပေါယ်မှာထေရ်။တိစာ
၁၉ ရ်မှဂ္ဂလိပုတ္တ တိဿတ္တေရ်၊ တိစာရ်သုမေဓပဏ္ဍိတ်။ တိ
၂၀ စာရ်ဗြဟ္မပါလ်။တိစာရ်ဗြဟ္မဒိဝ်။ တိစာရ်သောန်
၂၁ ။တိစာရ်သယ်သေနဝရပဏ္ဍိတ်။ ကိန္တတိလိ
၂၂ တဝေါးသ္ဂိဝ်စုတ်ခေါက်ဟန်တိ။ ဇ္ဇုးဝေါးကောါန်ဂ္ဂကျေ
၂၃ က်မဏ္ဍမောအ်ရာဇကုမာရ်ဝေါးကေတ်ကျောက်ထရ်ဝေါး
၂၄ ထာပနာကန္ဒုံဂေါ်ဟ်ဆ္ဍောင်ထရ်ဝေါအ်။ကာလ်ဗုသစ်ကျေ
၂၅ က်ဂေါ်ဟ် ဝေါအ်ကောန်ဂ္ဂကျေက်ဝေါးကေတ်သက်မုနဲ
၂၆ လောရ် မောယ်တွာည်။ ရပါယ်မောယ်တွာည်၊ ညးဟ် [ဂိရ်ဥ]
၂၇ ယ် မောယ်တွာည်၊ အုတ် ဒိက်ပိတွာည်ဝေါးစုတ် [ဥက်ကု]
၂၈ ကျေက်ထရ်မထာပနာဟိန်ဝေါးဝေါအ်ရာဓနာရောဝ်[ဝေါအ်]
၂၉ ။သိမြဝ်အော်ဝေါအ် ဩဝ်ရ်သော်ပေါတ်ကုငွေါအ် သဗ္ဗံ [ညုတ]
၃၀ ညာဏ်။ကောန်ယေ်လး။စောဝ်ယေ်လး။ကု [လော]
၃၁ ယေ်လး။ညးဆ္ဍောင်လး၊ ယလ် ပဥပဒြေါဝ်တု [ဍို]
၃၂ က်မယေ်ကိလ်ကုကျေက်ဝေါအ်ယင်ညိဂ်ညာစ်ကျေ
၃၃ က်ဗြောယ်မေဗ္ဗောယ်လးဩဝ်ရ်ဍေပ်ဝေါအ်။ ၀။

မွန်ကိုမြန်မာအက္ခရာနှင့်ဖလှယ်ပုံ အဆက်။ ။ကြောင်းရေ ၁၈ မှ ၃၃ အထိ။

ပုဂံမြစေတီမွန်ကျောက်စာ

မြန်မာဘာသာပြန်ဆိုချက်

သိဒ္ဓိ၊ ဘုရားအား ရှိခိုးခြင်း၊ သိဒ္ဓိ။ ။ဘုရားသခင် သာသနာအနှစ် တထောင်ခြောက်ရာ နှစ်ဆယ် ရှစ်နှစ်လွန်လေပြီးသောအခါ၊ (၃)[၁] ဤအရိမဒ္ဒနပုရ်မည်သော ပြည်၌ ဗြိကြိဘုဝနာဒိတျဓမ္မရာဇ်သည် မင်း ဖြစ်၏။ ထိုမင်း၏ မိဖုရားတယောက်ကား တြိလောကဝဋံသကာဒေဝီမည်၏။ ထိုမိဖုရား၏သားကား (၆) ရာဇကုမာရ်မည်၏။ ထိုမင်းသည် ကျွန်းသုံးရွာကို ထိုမိဖုရားအားပေး၏။ ထိုမိဖုရားကွယ်လွန်သောအခါ၊ ထိုမိဖုရားတန်ဆာအလုံးနှင့် ထိုကျွန်သုံးရွာတို့ကို ထိုရာဇကုမာရ်မည်သောမိဖုရားသားအား မင်းပေးတုံ၏။

(၁၀) ထိုမင်း နှစ်ဆယ်ရှစ်နှစ်မင်းမူပြီး၍ ထိုမင်းသေလုနီးပါး နာသောအခါ၊ ထိုရာဇကုမာရ်မည် သော မိဖုရာ့သားသည် မိမိကိုမွေးသော မင်းကြီး၏ ဂုဏ်ကျေးဇူးများကို အောက်မေ့လျက်၊ ရွှေဘုရားတဆူ ပြုပြီးလျှင် သွား၍မင်းကြီးအားဆက်[၂] ကာ ဤသို့လျှောက်၏။

(၁၄) "ဤရွှေဘုရားကို သခင်အဖို့[၃] အကျွန်ုပ်ပြု၏ အကျွန်ုပ်အား သခင်ပေးသော ကျွန်သုံးရွာကို ဤဘုရားအား အကျွန်ုပ်ပေး၏။ သခင် အနုမောဒနာပြုပါလော့။"

(၁၇) ထိုအခါ မင်းကြီးသည် နှစ်ခြိုက်ဝမ်းမြောက်လျက် ကောင်းစွ ကောင်းစွ ဟူ၍ မင်းကြီး သာဓုခေါ်၏။ ထိုအခါ ငါတို့သခင် မဟာထေရ်၊ ဆရာသခင်[၄] မုဂ္ဂလိ ပုတ္တတိဿထေရ်၊ ဆရာသခင်သုမေဓ ပဏ္ဍိတ်၊ ဆရာသခင် ဗြဟ္မပါလ်၊ ဆရာသခင် ဗြဟ္မဒိဝ်၊ ဆရာသခင် သောန၊ ဆရာသခင် သင်္ဃသေနဝရပဏ္ဍိတ် ထိုသခင်တို့မျက်မှောက်၌ မင်းကြီးသည် မြေကြီးပေါ် သို့ ရေသွန်း၏။

ထိုနောက် ထိုရာဇကုမာရ်မည်သော မိဖုရာ့သားသည် ထိုရွှေဘုရားကိုယူပြီး (၂၄) ထာပနာ၍ ဤရွှေအထွတ်မူ သောဂူကိုပြု၏။ ဤဂူဘုရားကိုလှူသောအခါ၊ ထိုမိဖုရာ့သားသည် သက်မုနလောန်တရွာ၊ ရပါယ်တရွာ၊ ဟောန်ဗိုယ်တရွာ၊ ထိုကျွန်သုံးရွာ (သား) အလုံးကိုယူ၍ ဤဂူ၌ ထာပနာသော ရွှေဘုရားအား ရေသွန်းကာ ဤသို့ဆုတောင်း၏။

(၂၈) "ဤငါ့အမှုသည်သဗ္ဗညုတဉာဏ်ရအံ့သောအကြောင်းဖြစ်စေသတည်း။ ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့အဆွေလည်းကောင်း၊ သူတထူးလည်းကောင်း၊ ဤဘုရားအား ငါပေးသော ကျွန်ကို အနှိပ်အစက်ပြုမူကား၊ မေတ္တေယျမြတ်စွာဘုရားကို မဖူးရစေသတည်း။"

၁။ ဤကဲ့သို့သောကွင်းသည် ကျောက်တိုင်၏ စာကြောင်းကိုဂဏန်းပြသည်။

၂။ တုဝောက်။ မြန်မာကျောက်စာ၌ (နှပ်)ဟု ဆို၏။

၃။ ရံပါအ် (ပေါအ်) "ကူညီရန်" ဟု ဆိုဟန်တူ၏။ မြန်မာကျောက်စာ၌ "သောင် အဖေအ် (ဖို့)" ဟုလာ၏။

၄။ တိလိအာစာရ်-ကိုချုံ၍-တိစာရ်-ဟု ရေး၏။ သခင်ဆရာဟူ၏။ မြန်မာကျောက်စာ၌ သင်္ဂြိ (သင်္ကြိ) ဟု လာ၏။

JP

TRANSLATION FROM MON FACE OF THE MYAZEDI

Prosperity ! Honour to Buddha ! Prosperity ! After the religion of the Lord Buddha had gone on for one thousand six hundred and twenty-eight years (L. 3) in this city of Arimaddanapur King Srī Tribhuwanādityadhammarāj was[5] (King) ; one Queen of that King was named Trilokawataṁsakadewī; that Queen's son was named Rājakumār. The king gave three villages of slaves (L. 7) to the Queen. When the Queen died, the King gave all the Queen's goods, [6] together with the three villages of slaves, to the Queen's son, who was named Rājakumār.

After the King had reigned for twenty-eight years (L. 11) when the King was sick well-nigh unto death, the Queen's son, who was named Rājakumār, remembering the favours wherewith the King had nourished[7] him made a golden Buddha (and) went (and) offered [8] it to the King (and) addressed (L. 14) (him) thus: " This golden Buddha (have) I made to assist [9] my lord. The three villages of slaves that my lord gave to me, I am giving to this Buddha: may my lord approve ! "

Then the King being well pleased expressed approval, (saying), " Well done ! Well done ! [10] (L. 18) ". Then (in the presence of) our lord the Chief Monk, the Venerable the senior monk Muggaliputtatissa, the Venerable the learned Sumedhā the Venerable Brahmapāl, the Venerable Bramadiw, the Venerable Son (L. 21) (and) the Venerable the very learned Sanghasena, in the presence of those lords the King poured water onto the ground.

After this, the Queen's son, who was named Rājakumār, took the golden Buddha (L.24) (and) enshrined it (and) made this golden-spired cave-pagoda. When dedicating this Buddha (and) cave-pagoda, the Queen's son brought up (the men of) Sakmunalon, one village, Rapāy, one village, Henbuiy, one village, all those three village communities of slaves, (and) poured out water for (L. 28) the golden Buddha that he (had) enshrined in this cave-pagoda, (and) prayed thus: "May this act of mine be a cause for the attainment (by me) of omniscience ! Be it my child, be it my grandchild, be it my kinsman, be it (any) other person if he do violence to the slaves (L. 32) whom I am giving to this Buddha, may he not get sight of the exalted Buddha Mettey!"



မြစေတီမွန်ကျောက်စာ (ခ) မျက်နှာကို မိုင်းကိုင်စက္ကူပေါ်၌ မင်နှိပ်စာအတိုင်းဓါတ်ပုံရိုက်ထားသောပုံ။



မြစေတီပါဠိကျောက်စာ (က) မျက်နှာကို မိုင်းကိုင်စက္ကူပေါ်၌ မင်နှိပ်စာ အတိုင်း ဓါတ်ပုံ ရိုက် ထားသောပုံ။



မြစေတီ ပါဠိကျောက်စာ (က) မျက်နှာ အကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁ မှ ၂၀ အထိ။



၁။ ဤ…ဗုဒ္ဓါဒိကံ ဝဏ္ဏုဝရံ နမိတွာ ပုညံ ကတံ ယံ ဇိနု သာ
၂။ သနသ္မိံ, အနုာဒိက် ရာဇကုမာရ နာမဓေယျေန ဝဏ္ဏာ
၃။ မိ သုနွာထ မေ တံ။ နိဗ္ဗာနာ လောကနာထဿ အဋ္ဌဝီ
၄။ သာဓိကေ ဂတေ, သဟဿေ ပန ဝဿာနံ ဆသတေ ဝါ ပရေတ
၅။ တော။ အရိမဒ္ဒန နာမသ္မိံ ပုရေ အာသိ မဟာဗလော, ရာဇာ
၆။ တိဘုဝနာ ဒိစ္စာ ဥဒိစ္စာ ဓိဇ္ဇဝံသဇော။ တဿာ သေ
၇။ ကာ ပိယာ ဒေဝီ သာ တိလောက ဝဋံသိကာ, ဟိ
၈။ တေသီ ကုသလော သဒ္ဓ ကိစ္စေသု ပန ရာဇိနော။ တ
၉။ ဿာသောကော သုဓော ရာဇ ကုမာရော့နာမ နာမဝ
၁၀။ တာ, အမစ္စော ရာဇကိစ္စေသု ဗျာဝဋော သတိမာ
၁၁။ ဓိဇ္ဇ။ အဒါ ဂါမတ္တယံ တဿာ ဒေဝိယာ သော ဓ
၁၂။ ဟီ ပတိ, ဟသာစ္စော သဗ္ဗဒါ ဒါသ ပရိဘောဂေန အညီတုံ
၁၃။ အနိစ္စတာ ဝသံ တဿာ ဂတာယ ပန ဒေဝိယာ, ရာ
၁၄။ ဇ ရာဇကုမာရဿ အဒါ ဂါမတ္တယံ ပုန။ အဇ္ဇ ဗီသ
၁၅။ တိဘသောနိ ရုန္ဓံ မေမ္မန ကာရိယ, မာရဏန္တိက ရောဂဿ
၁၆။ ဝသံ ဝစ္စေ နရာဓိပေ။ သရန္တော မ္မေရာဇဿ မဟာန္တံ ဂု
၁၇။ ဏသဉ္စယံ, ကာရေတွာ သဏ္ဌနော ဗိမ္ဗံ သဗ္ဗ သောဝဏ္ဏ
၁၈။ ယံ သုဘံ။ ဂဟေတွာ တံ မဟာန္တေန သက္ကာရေနေ လုမာန သော,
၁၉။ ဥပသင်္ကမ္မ ရာဇာနံ အာဟ ဗိန္ဒိတ မတ္တနော။ ဒာသိ ကတွာ
၂၀။ နိဒံ သဗ္ဗံ ဗိမ္ဗံ သောဝဏ္ဏမယံ သုဘံ, အကာသိ ဓေါ ဝ

မြဲစေတီပါဠိကျောက်စာ (က) မျက်နှာကို မြန်မာအက္ခရာနှင့်ဖလှယ်ထားပုံ၊ ကြောင်းရေ ၁ မှ ၂၀ အထိ။

SOAS LIBRARY



မြစေတီပါဠိကျောက်စာ (က) မျက်နှာ အကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၂၁ မှ ၄၁ အထိ။



၂၁။ ရုံ မုညိ သာဝမီ တုမှေ နုမောဒထး ဝါမဏ္ဍယံ ဝိ ဝေါ
၂၂။ သာဝမိ ပုဇ္ဇေ ဝိန္ဓုတု ဓမ အဟံ, ရှုမဘောသဝ ဗုန္ဓိဿ ဗေဒိ တ
၂၃။ ဠွာ နုမောဒထ။ ဇဝ် ဝုဓ္ဓေ မဟီပါလော ရောဝေ
၂၄။ နာတုရမာနသော, သာခုသာဝုတိ ဝတ္တာန တုဠှဟဏ္ဍော
၂၅။ ဝမောဒိတော။ ဒယာပရော မဟာဒေဆရော ယေရော မှုလိ
၂၆။ ပုဏ္ဍကော, သုမေဓ္ဓော သုမေမောတိ လဠ္ဌနာမောစ ပဏ္ဍိတော။
၂၇။ မြဟ္မပါလော တထာ မြဟ္မ ဒေဓဝါ သမ္ဗုဒ္ဓသီလဝါ, သောနော
၂၈။ ဇဟုဿုတော သံဃ သောနဒ္ဓေါ ဓနုပဏ္ဍိတော၊ ဓေတော ပ
၂၉။ န ဘိက္ခုနံ သံမုခါ သော သုမာနသော, ဇလံ ပါတေသိ ကတ္တာန သ
၃၀။ ကိုန္ဒု ဝသုဓါတလံ။ တထော သော တံ မဟာမစ္စော ဝိမ္ဗိ သောဝ
၃၁။ ဏ္ဍယံ သုဘံ, ပတိဋ္ဌာပိယ ကာရေသိ ဂုဟံ ကဠနထုပိကံ။
၃၂။ ကတ္တာန မင်္ဂလံ ဗုဠ္ဌ ပတိမာယ ဂုဟာယ စ, အဘာသော၀ ပဏိ
၃၃။ ဓာနံ နိဗ္ဗိန္ဓော ဘဝယက်ဒေး။ ကရောန္တေန မယာ ဧတံ ယံ ပု
၃၄။ ညံ တံ သမာဇိတံ, ဟောတု သဗ္ဗညုတညာဏ ဓတိဝေဝ
၃၅။ ယ ပစ္စယော။ ယဏ္ဍကာ တု မယာ ဒါသာ ဂါမဏ္ဍယာနိ၀ါ
၃၆။ သိနော, ဓိန္ဓာ ဂုဟာယ သောဝဏ္ဍ ပတိမာယ မဟေသိ
၃၇။ နော။ ပုဓ္ဓောမေဝါ ပဟုဓ္ဓောဝါ အဓ္ဓေါဝါ ပန ညာ
၃၈။ တကော, ယောကောစိ ပါပသံကပ္ပေါ် နရော အသဠ္ဌ
၃၉။ မာနသော။ ကရေယျပဒ္ဒဝံ တေသံ ဒါသာနံ သော နရာဓမော
၄၀။ မေဓ္ဓေပဠ္ဌ ဝိပတ္တိသော ဒသနံ နုသိ ဂဠ္ဌတု
၄၁။ တိး ဝ။

ပါဠိနှင့်ကိုမြန်မာအက္ခရာနှင့်ဖလှယ်ပုံ အဆက်။ ။ကြောင်းရေ ၂၁ မှ ၄၁ အထိ။

ပုဂံမြစေတီပါဠိကျောက်စာ

မြန်မာဘာသာပြန်ဆိုချက်

၁ မှ ၃။ ။ဗြို။ဘုရားအစယ်သော ရတနာမြတ်သုံးပါး အပေါင်းကို ရှိခိုးပြီး၍ ရာဇကုမာရဟုရအပ်သောအမည်ယိုသော မင်းသားသည်၊ မြတ်စွာဘုရားသာသနာတော်၌ ဘေးရန်အနှောင့်အယှက်မယှိပဲ၊ အကြင်ကုသိုလ်ကောင်းမှုကို ပြုအပ်၏။ ထိုကုသိုလ်ကောင်းမှုကို ပြဆိုပေအံ့၊ နာကြကုန်လော။

၃ မှ ၆။ ။လောကအလုံး၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ တဆောင့်ခြောက်ရာနှစ်ဆယ့်ရှစ်နှစ်လွန်သောအခါ၌ (ရန်သူအပေါင်းကို နှိပ်နင်းအောင်မြင်ရာ) အရိမဒ္ဒနအမည်ယှိသော ပုဂံပြည်၌ မြတ်သောနေမျိုးနွယ်ဖြစ်သော ကြီးမားသော ဘုန်းလက်ရုံးအား အစွမ်းယှိသော တိဘုဝနာဒိစ္စမင်းတြားကြီးသည် ဖြစ်ပေါ် ခဲ့လေပြီ။

၆ မှ ၁၂။ ။ထိုမင်းကြီးအား ဦးဆောက်ပန်းအမည်ယှိသော တယောက်သော မြတ်နိုးဖွယ် မိဖုရားသည်ယှိ၏။ ထိုဦးဆောက်ပန်းအမည်ယှိသော မိဖုရားသည် ဘုရင်မင်းမြတ်၏ အကျိုးစီးပွါးကို ရှာမှီးလေ့ယှိ၏။ အလုံးစုံသော ကိစ္စတို့၌ လိမ်မာ၏။ ထိုမိဖုရားတွင် အမည်အားဖြင့် ရာဇကုမာရခေါ် သောတယောက်သောသားသည်ယှိ၏။ ထိုမင်းသားသည် မင်းမှုရေးရာတို့၌ မင်းနှင့်တကွ ကြောင့်ကြအားထုတ်ပြုလုပ်တတ်သော အမတ်လည်းဖြစ်၏။ သတိကရားယှိ၏။ အမြော်အမြင် ပညာဉာဏ်ယှိ၏။ ထိုဘဝရှင် မင်းတြားကြီးသည်။မိဖုရားအား ကြည်ညိုသည်ဖြစ်၍ အခါခပ်သိမ်း ကျွန်အသုံးအဆောင်ဖြင့် သုံးဆောင်ခြင်းငှါ ရွာသုံးရွာကိုပေးသနားတော်မူလေပြီ။

၁၃ မှ ၁၉။ ။ထိုမိဖုရားသည် မမြဲခြင်း (သဘောယှိသော) သေမင်းအလို နိုင်ငံသို့လိုက်ရသည်ယှိသော်၊ ရာဇကုမာရ မင်းသားအား ရွာသုံးရွာကို တဖန်အပိုင်စား ပေးပြန်၏။ ထိုမင်းကြီးသည် နှစ်ဆယ့်ရှစ်နှစ်တို့ ပတ်လုံးတရားသဖြင့်၊ မင်းအဖြစ်ကိုပြုပြီး၍ သေခြင်းအဆုံး ယှိသောအနာရောဂါ၏ အလိုသို့ကျရောက်ခဲ့သည်ယှိသော်၊ မင်းကြီး၏ ကြီးကျယ်သော ဂုဏ်အစုကို အောက်မေ့သည်ဖြစ်၍ မြတ်စွာဘုရား၏ အလုံးစုံရွှေဖြင့်ပြီးသော၊ တင့်တယ်သော၊ ဆင်းတုတော်ကို ပြုလုပ်စေ၍ ၊ကောင်းသောစိတ်နှလုံး ယှိသော ထိုမင်းသားသည် ထိုဆင်းတုတော်ကို ကြီးစွာသော ပူဇော်သက္ကာရဖြင့်ယူ၍ မင်းမြတ်သို့ ကပ်ပြီးလျှင် မိမိ၏ အကြံအစီကို လျှောက်ထားလေပြီ။

၁၉ မှ ၂၁။ ။အရှင်မင်းမြတ် အရှင်မင်းကြီး (တို့)၏ အဖို့ပြု၍ ရွှေဖြင့်ပြီးသော တင့်တယ်သော ဤမြတ်စွာဘုရား၏ ဆင်းတုတော်ကို ပြုလုပ်ခဲ့ပါပြီ။ အရှင်မင်းကြီး (တို့)သည် မြတ်သောကောင်းမှုကို ဝမ်းမြောက် ဝမ်းသာ အနုမောဒနာပြုပါကုန်လော့။

၂၁ မှ ၃၀။ ။အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည်၊ ရှေးအခါက အကျွန်ုပ်အား ရွာသုံးရွာကိုလည်းပေးအပ်ပါ၏။ အကျွန်ုပ်သည် ရွာသုံးရွာကိုလည်း ဤမြတ်စွာဘုရားအားသာလျှင် လှူဒါန်းပါ၏။ ထိုကောင်းမှုကိုလည်း ဝမ်းမြောက် ဝမ်းသာ အနုမောဒနာပြုပါကုန်လော။ ဤသို့လျှောက်ဆိုအပ်သည်ယှိသော်၊ ရောဂါဖြင့် နာကျင်သောစိတ်ယှိသော မင်းကြီးသည် နှစ်သက်ရွှင်လန်းသည်ဖြစ်၍ ဝမ်းမြောက်သည်ဖြစ်၍ သာဓု သာဓု ဟုဆိုးပြီ၍ ၊ သနားလွန်းကဲတော်မူသော၊ မဟာထေရ်ဖြစ်တော်မူသော မုဂ္ဂလိပုတ္တမည်သော မထေရ်သည်၎င်း၊ကောင်းသောပညာယှိသည့်အဖြစ်ကြောင့် သုမေဓါဟူ၍ ရအပ်သော အမည်ရှိသော မထေရ်သည်၎င်း၊ ထိုမှတပါး ပညာယှိသော ဗြဟ္မပါလမထေရ်သည်၎င်း၊ ပြည့်စုံသောသီလယှိသော ဗြဟ္မဒေဝမထေရ်သည်၎င်း၊ များသောအကြားအမြင်ယှိသော၊ သောနမထေရ်သည်၎င်း၊ မြတ်သောပညာယှိတော်မူသော သံဃသေနသမည်ယှိသော မထေရ်သည်၎င်း ယှိတော်မူ၏။ ထိုမထေရ်ဖြစ်တော်မူသော ရဟန်းတို့၏မျက်မှောက်၌၊ ကောင်းသောစိတ်နှစ်လုံးယှိသော ထိုမင်းကြီးသည် မြေအပြင်ကိုသက်သေပြု၍ ရေစက်သွန်းချတော်မူလေ၏။

၃၀ မှ ၃၃။ ။ထိုနောက်မှ ထို (ရာဇကုမာရမည်သော) အမတ်တော်ကို၎ှပနာထားပြီး၍ ရွှေအထွတ်ဂူကိုပြုလုပ်စေလေပြီး။ ဆင်းတုတော်၏၎င်း၊ ဂူ၏၎င်း၊ ပူဇော်ခြင်းမင်္ဂလာပြုပြီး၍ ဘဝတည်းဟူသော သင်္ခတတရား၌ (ဝါ) အကြောင်းလေးပါးတို့သည် ပြုပြင်အပ်သော ဘဝသံသရာ၌ငြီးငွေ့သည်ဖြစ်၍ ဤသို့ဆုတောင်းခြင်းကို ပြုပြီ။

၃၃ မှ ၄၁။ ။ဤကောင်းမှုကိုပြုသောငါသည်၊ အကြင်ကုသိုလ်ကောင်းမှုကို ဆည်းပူးအပ်၏။ ထိုဆည်းပူးအပ်သောကုသိုလ်ကောင်းမှုသည် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍သိခြင်း၏ အကြောင်း အထောက်အပံ့ဖြစ်ပါစေသတည်း။ ငါသည် ရှာသုံးရှာ၌နေကုန်သော အကြင်မျှလောက်ကုန်သော ကျွန်တို့ကို မြတ်စွာဘုရား၏ဂူ (ဘုရား)၌ယှိသော ရှေ့ဆင်းတုတော်အား လှူဒါန်းပါကုန်၏။ ငါ၏သားသည်ရင်း၊ ငါ၏မြေးသည်ရင်း၊ ထိုမှတပါးသော ဆွေမျိုးဉာတိသည်ရင်း၊ အမှတ်မထင် အကြင်တစုံတယောက်သော မကောင်းသောအကြံအစီယှိသော မကြည်ညိုသောစိတ်ယှိသောသူသည်ရင်း ထိုကျွန်တို့အား ဘေးဥပဒ်ကို ပြုကုန်အံ့၊ ထိုယုတ်မာသောသူသည်၊ အခြေနှစ်ချောင်းယှိသောလူတို့၏ အမှူးဖြစ်သော မေတ္တေယျဘုရားရှင်အား၊ ဖူးမြင်ခြင်းကို မရပါစေသတည်း။

THE MYAZEDI INSCRIPTIONS

Translation of the Pali Face

1. Prosperity ! Having bowed to the Buddha and the other (two) Excellent Objects, I shall relate the noble work of merit performed, in the Conqueror's dispensation, by Rājakumāra. Hearken to me !

2. When one thousand six hundred and twenty-eight years had elasped after the Nirvāna of the Lord of the World.

3. Tibhuvanādicca,[1] a powerful King and scion of the exalted solar race, became king in the city called Arimaddana.

4. He had a beloved queen, Tilokavatamsikā (by name), who was benevolent and skilful in all the affairs of the King.

5. She had a son, Rājakumāra by name, a minister, zealous in (the management of) the affairs of state, prudent, and wise.

6. The King, graciously disposed towards the queen gave her three villages for her to enjoy, for life, the revenues (accruing from) the slaves (thereof).

7. Now upon the death of the queen, the King again made those three villages over to Rājakumāra.

8. On the King, after having ruled righteously for twenty-eight years, being seized with a mortal illness.

9. He (Rājakumāra), remembering the numerous and great favours of the righteous King, had a beautiful image of the Buddha made all in gold.

10. And, carrying it with great pomp, and well pleased (with his meritorious act), approached unto the presence of the king and told him of his intention:

11. " On your Majesty's behalf, I have made this beautiful golden image of the Master ; deign, my Lord, to rejoice in this excellent work of merit ! "

12. " The three villages which you formerly gave me, I have dedicated to this image ; at this also rejoice ! "

13. On this being said, the King, (though) his mind was troubled by disease, rejoiced and, pleased and delighted, exclaimed: " Good ! Good ! "

14. The compassionate Chief Monk, the thera Muggaliputtaka, Sumedha the wise, so called on account of his wisdom.

15. Brahmapāla, likewise Brahmadeva the virtuous, Sona, the learned and eminent scholar called Saṅghasena.

16. In the presence of these monks (the King), well pleased, poured the libation on the ground, taking the earth to witness.

17. Then, the minister enshrined the beautiful golden image and *built* (over it) a shrine surmounted by a golden spire.

18. Having performed the dedication ceremony for the Buddha-image *and* the shrine, he (Rājakumāra), weary of repeated brith, made the following aspiration:

19. " May this meritorious work, performed and accumulated by me be the cause of my attaining Supreme Enlightenment ! "

20—22. Whosoever, be he my son or grandson, or any other relative, with evil intent and unbelieving mind should opress those slaves, dwellers in the three villages, whom I have dedicated to the shrine and the golden image of the Great Sage, may this vile person be precluded from beholding Metteyya, the Chief of man ! "

---

[1]. This is King Kyansittha's style ; the full style as given in the Burmese and the Mon face Cri (Sri) Tribhuvanadity—Dhammarāj ၐြိ တြိဘုဝနာဒိတျဓမ္မရာဇ်

မြစေတီပါဠိကျောက်စာ (ခ) မျက်နှာ ကို မှိုင်းကိုင်စက္ကူပေါ်၌ မင်နှိပ်စာ အတိုင်း ဓါတ်ပုံ ရိုက်ထားသောပုံ။



မြစေတီ မြန်မာကျောက်စာ (က) မျက်နှာကိုမှိုင်းကိုင်စက္ကူပေါ်၌ မင်နှိပ်စာအတိုင်း ဓါတ်ပုံ ရိုက်ထားသောပုံ။



မြစေတီမြန်မာကျောက်စာ (က) မျက်နှာ အကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၁ မှ ၁၅ အထိ။

ဦး နမောဗုဒ္ဓာယ။ ပုရှာသျှင်သာသနာအနှစ်တ
စ်ထောင်ခြောက်ရျာနှစ်ဆာယ်ဖောက်နှစ်လောန်
လိယ်ဩီရကာ။ ဤယ်အရိမဒ္ဒနပုရ်မည်သုပြည်
ဗ္ဂိုက်အာ။ ဤကြိဘုဝနာဒိတျမ္မရာစ်မည်သုမ
င် ဖွစ်အေ။ ထိဝ်မင်အေဖ်ဟယ်မယာတ
စ်ယောက်သုကာကြီလောကဝဋံသကာဒေဝီ
မည်အေ။ ထိဝ်ပါယ်မယာသာတမုလေဟ်ရာဇ
ကုမာရ်မည်အေ။ ထိဝ်မင်ကာကျောန်သုံရွာဟ်
တောဟ်ပါယ်မယာအာဝိယ်အေ။ ထိဝ်ပါယ်မ
ယာသျှိ်ခရကာ။ ထိဝ်ပါယ်မယာတန်ဆာနှင့်ထိ
ဝ်ကျောန်သုံရွာဟ်သုနှင့်တောဟ်ထိဝ်ပါယ်မယာ
အ်သာရာဇကုမာရ်မည်သောအာမင်ဝိယ်တုံ
အေ။ ထိုဝ်မင်အနှစ်နှစ်ဆာယ်ပေါဟ်နှစ်မင်မှုဩီရ
ယ္ဂွိအေသိယ်ခမှနာသုရှောဝ်ဗ္ဂိုက်တောဟ်။ ထိုဝ်ရာဇကု
မာရ်မည်သုပယ်မယာသာမိမိဂေါဝ်မှယ်သောမင်
ပီဋ္ဌဘွဲ့သြကိမိရကာ။ ရွှယ်အတိသုပုရှာသျှင်အ
ဆင်ဥ္ဂုရှယ်ွိအေနှဝ်လိယ်သုရှောဝ်တောဟ်ဂှုယ်သိ
ဝ်မိနှံအေ။ ဂုယ်ရွှယ်ပုရှာကာသျှင်အ်ဓေါ်အ်အတ်ိအ်င
ကျာန်ဌွေါအ်သုတောဟ်။ ကျောန်သုံရွာဟ်အတိုအ်ကျော

မြစေတီမြန်မာကျောက်စာ (က)မျက်နှာကိုမြန်မာအက္ခရာနှင့်ဖလှယ်ထားပုံ။
ကြောင်းရေ ၁ မှ ၁၅ အထိ။



မြစေတီမြန်မာကျောက်စာ (က) မျက်နှာ အကျယ်ချဲ့ဓါတ်ပုံ၊ ကြောင်းရေ ၂၀ မှ ၃၅ အထိ။



၂၀ ။ နှင်သွင်ဗိယ်သုသည်ကာ ဒုယ်ရှယ်ပုရှာ အာ သတိုအ်ကျော
နှိဗိယ်ယေအ်း ထိပ်ဗျာဝ်ကောယ်မင်နှစ်ညှိုအ်ရကာကောင်
လျှအ်တောဟ်ကောင်လျှအ်ဘောဟ်မိန့်ရှုဠ္ဍိဇာအ်သဗ္ဗိ
မဟာတေရ်း သဗ္ဗိမုဂ္ဂလိပုတ္တတိဿဇ္ဈေရ်း သဗ္ဗိသု
မေဓဓျှိတ် ။ သဗ္ဗိဗြဟ္မပါလ်း သဗ္ဗိဗြဟ္မဗိ
၂၅ ။ ဝ်း သဗ္ဗိသောဏ်း သဗ္ဗိသဏ်သေနဝရပဏ္ဍိ
တ်း ထိုင်လွှင်ဂိုအ်မဓမ္မာက်ဓောဟ်မင်ဗိုယ်သောနှ်ဇာအ်
။ တိဝ်ဇြီရကာထိုဝ်ဆာဇကုဒာရ်မည်သုပယ်မဟာဒသော
ယိဝ်ရှယ်ပုရှာထာဝနာရုဏ္ဍဇာအ်ဒုယ်ရှယ်အကောဝ်မှုသော
ကူဇ္ဈေါအ်ဇေအ်း မဇ္ဈေါအ်ဇြီရကာဒုယ်ကုပုရှာလျောတ်
၃၀ ။ သုရှောဝ်နိုက်တောဟ်း သက်မုန်ယောန်တစ်ရှောဟ်း ရပ်ပ
ယ်တစ်ရှောဟ်း ခေါန်ဗိုဝ်တစ်ရှောဟ်း ဒုယ်ကျောန်
သုံရှောဟ်ယောရှုဏ္ဍဇာအ်တိုဝ်ဆာဇကုဒာရ်ဇည်သုပယ်
မယာအ်သာဒုယ်ကုပုရှာအာဗိုယ်သောန်ရှုဏ္ဍဇာအ်ဒုယ်ဒေါ်
အ်မိန့်ဇေအ်း ဒုယ်ဇာအမျှောအ်ကာသမ္ဗုဒ္ဓတညာ
၃၅ ။ ဏ်ပြည်ဒါရအန္တြသုအကြောင်လ္လှိမ်ဗိဿွဝေါဟ်း
နောင်အာသောလည်ဂေါ်ဝ်း မိုယ်လည်ဂေါ်ဝ်း ဒေအ်သု
ယ်လည်ဂေါ်ဝ်း သုတစ်ထုလည်ဂေါ်ဝ်း ဒုယ်ပုရှာ
အာဇာလျှသုကျောန်အနိဝ်အစက်ဝောဟ်မှုမု
ကာ း အနိမိဏ္ဍိယ်ပုရှာသွင်အခ္ခုရမိယ် ။

မြန်မာကိုမြန်မာအက္ခရာနှင့် ဖလှယ်ထားပုံ အဆက်။ ။ကြောင်းရေ ၂၀ မှ ၃၅ အထိ။

ပုဂံမြစေတီ မြန်မာ ကျောက်စာ

မြန်မာဘာသာပြန်ဆိုချက်

သိရီ၊ နမောဗုဒ္ဓါယ၊ ဘုရားသခင်သာသနာအနှစ် တစ်ထောင်ခြောက်ရာ နှစ်ဆယ့်ယှစ်နှစ်လွန်လေပြီ ရကား ဤအရိမဒ္ဒနပုရမည်သောပြည်၌ သိရီတြိဘုဝနာဒိတျဓမ္မရာဇ်မည်သောမင်း မင်းဖြစ်၏။

ထိုမင်း၏ ချစ်စွာသောမယား(မိဖုရား)တယောက်သော်ကား၊ တြိလောကဝဋံသကာဒေဝီအမည်ရှိ၏၊ ထိုမယား၏သား (တပါး) မူကား၊ ရာဇကုမာရအမည်ရှိ၏။

ထိုမင်းကား ကျွန်သုံးရွာတည်း ချစ်စွာသောမယားအားပေး၏။ ထိုချစ်စွာသောမယားသေခ့ရ ကား၊ ထိုမယား၏ တန်ဆာနှင့် ထိုကျွန်သုံးရွာ (တို့ကိုပင်) ထိုချစ်စွာသောမယား၏ သား ရာဇကုမာရ အမည်ရှိသော (သူ) အားမင်း(ကြီးက) ပေးလေ၏။

ထိုမင်းအနှစ်နှစ်ဆယ့်ယှစ်နှစ် မင်းမူပြီးနောက် သေတော့ရန် နာ (တော်မူ) သောအခါ၌ ထိုရာဇကု မာရ အမည်ရှိသော ချစ်မယား၏သား (သည်) မိမိ (အား) (ကျွေး) မွေးပေသော မင်းကြီး၏ ကျေးဇူး ကိုအောက်မေ့ရကား ရွှေအတိ (ပြီး) သော ဘုရားသခင်အဆင်းပြု၍ ကျေနပ် (နှစ်သက်) သောအခါ ဤသို့မိန့်၏။

> "ဤရွှေဘုရားကား ငါ၏သခင်အဖို့ အကျွန်ုပ်ပြုသတည်း။ ကျွန်သုံးရွာ အကျွန်ုပ်အား ငါ့သခင် ပေးခဲ့သည်ကိုလည်း ဤရွှေဘုရားအား အကျွန်ုပ်ပေး (လှူ)၏။"

ထိုရှေအခါ မင်း(ကြီးသည်) နှစ်လို့(ဝမ်းမြောက်) လေရကား ကောင်းလှ၏တည်း ကောင်းလှ၏ တည်း (ကောင်းလေစွ ကောင်းလေစွ) ဟုမိန့်၏။

သင်္ဃာတော်ကြီး မဟာထေရ်၊ သင်္ဃာတော်ကြီး မုဂ္ဂလိပုတ္တတိဿထေရ်၊ သင်္ဃာတော်ကြီး သုမေဓ ပဏ္ဍိတ၊ သင်္ဃာတော်ကြီး ဗြဟ္မပါလ၊ သင်္ဃာတော်ကြီး ဗြဟ္မဒေဝ၊ သင်္ဃာတော်ကြီး သောန၊ သင်္ဃာတော် ကြီး သေနငရပဏ္ဍိတ၊ ထိုသခင်တို့ (မျက်)မှောက်တော်၌ပင်၊ မင်းကြီးရေ(စက်)သွန်း(ချတော်မူ)၏။

ထိုနောက် ရာဇကုမာရအမည်ရှိသော (ချစ်မယား၏)သား(သည်) ထိုရွှေဘုရား(ကို) ထပနာ၏။ ရွှေအထွတ်လျှင်ရှိသော ကူ(ကိုလည်း)ပြု၏။ ပြုပြီးနောက် ဤကူဘုရားလှူသောအခါတွင် သက်မုနလွန် တရွာ၊ ရပယ်တရွာ၊ ဟန်ဗိုတရွာ၊ ဤကျွန်သုံးရွာယူ၍ (လှူလေ)၏။ ထိုရာဇကုမာရအမည်ရှိသော (ချစ်မယား၏) သား(သည်) ဤကူဘုရားအား ရေ(စက်)သွန်းလျက် ဤသို့မိန့်၏။

> "ဤငါ့(ကောင်း)မှုကား သဗ္ဗညုတဉာဏ်ပညာရအံ့သောအကြောင်းဖြစ်စေသတည်း၊ ငါ့နောင် ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့အဆွေလည်းကောင်း၊ သူတစ်ထူးလည်းကောင်း၊ ဤဘုရားအား ငါလှူခဲ့သော ကျွန် (တို့အား) အနှိပ်အစက်ပြုမူကား အရိမေတ္တယျဘုရားသခင် မဖူးရစေ(သတည်း)"။

မှတ်ချက်။ ။(ကွင်းအတွင်းရှိစာသားများမှာ ကျောက်စာ၏ အနက်သဘော ချောမောစေရန် ဖြည့်သွင်းဖော်ပြချက်များ ဖြစ်လေသည်။

THE MYAZEDI INSCRIPTION

Translation of the (Burmese) Face

Proseperity ! Honour to the Buddha ! One thousand six hundred and twenty-eight years of the Buddha's religion having elapsed, Sri Tribhuwanadityadhammaraj became King in this city of Arimaddanapur. A beloved wife of that King was called Trilokavatansaka-devi, and that beloved wife had a son named Rajakumar. The king gave that beloved wife three villages of slaves. That beloved wife having died, the King gave her ornaments and the three villages of slaves to her son named Rajakumar. When that King, having reigned twenty-eight years, became sick so as to die, the son named Rajakumar of the beloved wife calling to mind the favours of the king, who had nurtured him, made an image of the Buddha all in gold, and when satisfied spoke thus: " I, your slave, made this golden Buddha for my Lord, the three villages of slaves which my Lord gave me, I give to this golden Buddha." Then the King being delighted said, " Good indeed ! Good indeed ! " and in the presence of the Chief Monk, and of the ecclesiastical dignitaries, Muggaliputtatissather, Sumedha Pandit, Brahmapal, Brahmadiw, Son, and Sanghasena—Varapandit, the King poured water. This being done, the son named Rajakumar of the beloved wife enshrining the golden Buddha built a cave adorned with a golden spire. Having finished (it), when dedicating this cave-shrine, he brought (the folk of) Sakmunalon, one village, Rapay, one village, Henbuiw, on village, these three villages of slaves ; and the son named Rajakumar of the beloved wife, pouring water for this cave-shrine thus said: " Let this deed of mine be the cause of my obtaining Ommiscience ! After me, whether my son or grandson or relative or any other person, if he oppresses the slaves I have offered to this shrine, may he not behold the Buddha Arimittiya."

မြစေတီ မြန်မာ ကျောက်စာ (ခ) မျက်နှာကို မင်းကိုင် စက္ကူပေါ်၌ မင်နှိပ် စာ အတိုင်း ဓါတ်ပုံ ရိုက်ထားပုံ။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၊ ယဉ်ကျေးမှု ဗိမာန် ညွန့်ဝန်ရုံး၊ ၁၃-၆-၆၀—-၁,၀၀၀ + ၁၀၀၀—မိုနို—၇။